ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်၊ တနင်္လာနေ့၊ (29-11-2010) (၆၅၉၇)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ

ဒွါဒသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ - အဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆွေးနွေးဆုံးဖြတ်

ဆက်လက်၍ ဆဋ္ဌအကြိမ် အဋ္ဌမ(လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားကြပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယက အတည်ပြုချက် ရယူတော်မူသည်။

ကျင်းပပြီးစီး

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ - အဖွဲ့ဝင် ဆရာတော်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက "ဇယန္တောဗောဓိယာမူလေ" **စာမျက်နှာ ၅ ကော်လံ ၅ သို့** ❁

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ကြေးပြားကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဇေယျာသီရိမြို့ရှိ အဆိုပါဆေးရုံ ပင်မဆောင်ရှေ့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း တက်ရောက်သည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး၊ တာဝန်ခံ ဆရာဝန်နှင့် ဆရာ၊ ဆရာမများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

၂၉-၁၁-၂၀၁၀
(တနင်္လာနေ့)

အမျိုးသားပညာရည် မြင့်မားအောင် မိဘ ဆရာ ကျောင်းသား ပူးပေါင်းစွမ်းဆောင်

မျက်မှောက်အချိန်အခါသည် ပညာခေတ်သို့ ရောက်ရှိနေပြီ။ ပညာခေတ်တွင် ပညာသည်အဓိက၊ ပညာသည်ခွန်အား၊ ပညာသည်စီးပွား ဖြစ်လာပေပြီ။ နိုင်ငံ့စွမ်းအား မြင့်မားစေရန် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရပေမည်။

မြန်မာ့ပညာရေးမျှော်မှန်းချက်သည် ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရေးဖြစ်သည်။ ခေတ်စနစ်နှင့်လျော်ညီသည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) စီမံကိန်းကို နှစ်တို ငါးနှစ်စီမံကိန်းများဖြင့် ရေးဆွဲဖော်ဆောင်လျက်ရှိသည်။

အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရည်အသွေး ပြည့်ဝထက်မြက်သော မျိုးဆက်သစ်လူငယ်များသည် အဓိကပါဝင်စွမ်းဆောင်ကြမည့် အရင်းအမြစ်စွမ်းအားစုများ ဖြစ်သည်။ အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးဆိုင်ရာအခြေခံကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် ခေတ်မီသတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနေပြီ။ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို ဒေသအလိုက် ဖြန့်ကြက်ထူထောင်ပေးထားပြီ။

ယခုအခါ နိုင်ငံတစ်ဝန်း၌ အခြေခံပညာကျောင်းပေါင်း ၄၀၈၀၁ ကျောင်း ဖွင့်လှစ်ပေးထားပြီ။ မျိုးဆက်သစ်လူငယ်များ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၆၉ ခုတွင် အဆင့်မြင့်ပညာရပ်များ ဆည်းပူးလေ့လာနေကြပြီ။ ဆရာ၊ ဆရာမများသည် အမျိုးသားပညာရည်မြင့်မားရေး ပုံဖော်ပေးနေကြသူများဖြစ်သည်။ အရည်အသွေးရှိသည့် ပညာတတ်များ ဖြစ်လာစေရေး အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများက ကြိုးပမ်းနေကြပြီ။

မျိုးဆက်သစ်နိုင်ငံသားများ၏ လှပသော အနာဂတ်ကို ထုဆစ်ပုံဖော်ပေးရာတွင် မိဘများ၏ ပူးပေါင်းပါဝင်မှုသည် အရေးပါသည်။ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ၊ နည်းပညာများ တတ်မြောက်သည့် သားကောင်းသမီးမွန်များ ဖြစ်လာစေရေး ထိထိရောက်ရောက် ပျိုးထောင်ပေးကြရပေမည်။ ပညာထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေးတွင် ဆရာ၊ မိဘတို့၏ သင်ကြားပို့ချ၊ ပံ့ပိုးမှုများနှင့်အတူ ကျောင်းသူ၊ ကျောင်းသားများ၏ အားထုတ်သင်ယူလေ့လာမှုများလည်း ပေါင်းစပ်ကြရပေမည်။

ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်သွားနိုင်ရေးသည် သမိုင်းပေးတာဝန် ဖြစ်သည်။ ဆရာ၊ ဆရာမများ၏ စေတနာ၊ သင်ကြားပေးမှုအတတ်ပညာ၊ မိဘများ၏ ပြုစုပျိုးထောင်မှု မေတ္တာနှင့် ကျောင်းသူ၊ ကျောင်းသားတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်မှုတို့ ပူးပေါင်းစွမ်းဆောင်ကြခြင်းဖြင့် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများ ပိုမိုအောင်မြင် ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

BCA Academy ကျောင်းဝင်ခွင့် လျှောက်လွှာများ အခမဲ့ထုတ်ယူနိုင်

ရန်ကုန် နိုဝင်ဘာ ၂၈

စင်ကာပူနိုင်ငံရှိ BCA Academy က သင်ကြားပို့ချနေသော ဘာသာရပ်များ ကို ရွေးချယ်တက်ရောက်နိုင်ရန် ကျောင်းဝင်ခွင့်လျှောက်လွှာများကို Future Way Education & Service တိုက်(၉) အခန်း (၆ - အေ) ယောမင်းကြီးလမ်း (သမ္မတရုပ်ရှင်ရုံဘေး) သမ္မတကွန်ဒို ရန်ကုန်မြို့၌ အခမဲ့ထုတ်ယူနိုင်ကြပြီ ဖြစ်သည်။

BCA Academy တွင် နှစ်စဉ်တန်းခွဲ နှစ်ကြိမ်ကို ဧပြီလနှင့် အောက်တိုဘာလတို့တွင် ဖွင့်လှစ်ပေးကာ တန်းခွဲတစ်တန်းလျှင် လေးလစီဖြင့် သင်တန်းကာလသုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး Construction Engineering, Construction Information Technology, Design (Interior & Landscape), Mechanical Engineering, Electrical Engineering နှင့် Strategic Facilities Management ဘာသာရပ်များကို လွတ်လပ်စွာ ရွေးချယ်သင်ယူနိုင်မည် ဖြစ်သည်။ စာတွေ့လက်တွေ့ နှစ်နှစ်ကျော် လေ့လာသင်ယူထားသော အဆိုပါ ဘာသာရပ်များကို နောက်ဆုံးနှစ်၏ ဒုတိယနှစ်ဝက်တွင် လုပ်ငန်းခွင် လက်တွေ့ကွင်းဆင်းလေ့လာရမည် ဖြစ်သဖြင့် ကျောင်းပြီးပါက လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လွန်စွာ လွယ်ကူအဆင်ပြေသော ဘာသာများဖြစ်သည်။

လက်ရှိအနေအထားအရ IELTS နှင့် TOEFL အမှတ်များ ရှိစရာမလိုဘဲ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ (သို့) GCE 'O' Level ကို အနည်းဆုံး သုံးဘာသာအောင်မြင်ထားသူ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ပြီး ဝင်ခွင့်အောင်မြင်သူတိုင်း ကျောင်းတက်ခွင့် ရရှိမည်ဖြစ်သည်။ ထို့အပြင် အဆိုပါစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရက ချီးမြှင့်သည့် ၆၀ ရာခိုင်နှုန်း ပညာသင် ထောက်ပံ့ကြေးကို ရယူနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဖြေဆိုသူ ၄၀ ရာခိုင်နှုန်းသည် အဆိုပါ ပညာသင် ထောက်ပံ့ကြေးကို ရရှိကြပြီး ယင်းစာမေးပွဲကို Future Way Education & Services နှင့် BCA Academy တို့ ပူးပေါင်း၍ လာမည့်ဇန်နဝါရီလကုန်တွင် စစ်ဆေးသွားမည်ဖြစ်သည်။

ဝင်ခွင့်ဖြေဆိုလိုသူများသည် မိမိတို့ ရွေးချယ်သည့် ဘာသာရပ်ပေါ်တွင် မူတည်၍ ‘O’Level နှင့် အလားတူရှိသည့် သင်္ချာ၊ အင်္ဂလိပ်စာနှင့် ဒီဇိုင်း ဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်။ အဆိုပါ ဘာသာရပ်များကို ထူးချွန်အောင်မြင်ပြီး ဝင်ခွင့်ရရှိစေရန်သာမက ပညာသင်ထောက်ပံ့ကြေးများ ရရှိစေနိုင်ရန်ပါ ရည်ရွယ်၍ Future Way က အနီးကပ်သင်တန်းများကို တစ်ပတ်လျှင် ခြောက်ရက်ကျဖြင့် ကျွမ်းကျင်သောဆရာ၊ ဆရာမများကိုယ်တိုင် နမူနာမေးခွန်းပုံစံများဖြင့် စာမေးပွဲဖြေဆိုသည့်နေ့အထိ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၂/၂၀၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာ၌ သင်တန်းသားများအနေဖြင့် မိမိရောက်ရှိ တာဝန်ထမ်းဆောင်ရာ ဒေသတို့တွင် ဝန်ထမ်းဆိုသည်မှာ ပြည်သူ့ဝန်ကို ထမ်းဆောင်ရမည်ဆိုသည့် စိတ်ဓာတ်နှင့် ခံယူချက်၊ ယုံကြည်ချက်မှန်ကန်ရေး၊ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ရိုးသားကြိုးစား စေတနာမှန်ကန်စွာဖြင့် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရေးတို့ကို အဓိကထား မှာကြားလိုကြောင်း၊ နိုင်ငံတော်၊ ပြည်သူ၊ ဝန်ထမ်း သုံးဦး သုံးဖလှယ်ပူးပေါင်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို သိရှိနားလည်သဘောပေါက်ပြီး ပေးအပ်လာသော တာဝန်များကို ကာလဒေသ အခြေအနေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းရှိမှု၊ စနစ်ကျမှု၊ စေတနာကောင်းနှင့်လုပ်ဆောင်မှု စသည့် “စ” လေးလုံးကို စွဲမြဲစွာမှတ်ယူ၍ ဝန်ထမ်းဘဝကို အောင်မြင်စွာ ထမ်းဆောင်ကြစေလိုကြောင်း စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက သင်တန်းတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ညောင်လေးပင်မြို့ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက်က အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပရာ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အတွင်းရေးမှူး ဆရာမ ဒေါ်ရီရီစံတို့က အမှာစကား ပြောကြားပြီး ဆရာကြီး၊ ဆရာမကြီး ၁၉၀ တို့အား ပူဇော်ငွေများ၊ အသုံးအဆောင် အမှတ်တရ ပစ္စည်းများနှင့် ဆေးဝါးတို့ဖြင့် ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လောကနတ်အိမ်ရာ ပါရမီလမ်း (၁၂) ရပ်ကွက်နေ ဒေါ်မြင့်ရီ၊ ဒေါ်ခင်ကြည်၊ ဦးသန်းထွန်း၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်မေသန်းနှင့် မောင်နှမများနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၄) ရပ်ကွက် ရတနာလမ်းမကြီးနေ ဦးထွန်းအောင်ကြည်-ဒေါ်မြင့်မြင့်အေး(ခ) မီးမီး မိသားစုတို့က တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)အသင်းတိုက် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးကျန်ထွန်း၊ ဥက္ကဋ္ဌဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူကြစဉ်။ (ကြေးမုံ)

သုံးခွမြို့နယ်၌ မိုးစပါးအထွက်မှန်ကန်ရေး စံကွက်ရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန သုံးခွမြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဌေးအောင်သည် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်းအောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်ဇော်ဝင်း၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၅ ရက်တွင် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၄၈) သိုက်တူးကန်ကွင်း၊ ဦးပိုင်အမှတ် (၁၁/၂) တောင်သူဦးလှမိုး၏ ရွှေဝါထွန်းစပါးခင်း ၂ ဒသမ ၈၆ ဧက၌ မိုးစပါးအထွက်မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)** ခြောက်သွေ့ပြီး ရွှေဝါထွန်းစပါး တစ်ဧက ၇၀ ဒသမ ၂၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

❍ ရှေ့ဖုံးမှ

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆေးရုံအုပ်ကြီး၊ တာဝန်ခံ ဆရာဝန်နှင့် ဆရာ၊ ဆရာမများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းက ဆေးရုံသစ်ကြေးပြားကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးကျော်ဆန်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက ဆေးရုံသစ်ကြေးပြားကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသက်စိုးက ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခုတင်(၅၀)ဆံ့ ဆေးရုံအတွက် ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ ပစ္စည်းများနှင့် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို တကောင်ဘွားကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာက ပေးအပ်လှူဒါန်းရာ နေပြည်တော်ခရိုင် ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာကျော်ရွှေက လက်ခံသည်။

ထို့နောက် နေပြည်တော်ခရိုင် ဥက္ကဋ္ဌ ဦးအောင်ခင်က ခရိုင်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ခုတင်(၅၀)ဆံ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာသက်သက်ဝင်းက လက်ခံပြီး ဆေးရုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇေယျာသီရိမြို့နယ် ခုတင် (၅၀)ဆံ့ ဆေးရုံသစ်ရှိ စမ်းသပ်ခန်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် သူရဦးရွှေမန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး) များနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးဟန်က ဘာသာစကားစွမ်းရည် တိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးသည်။

အားပေး

ထိုမှတစ်ဆင့် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိပြီး တာဝန်ခံပါမောက္ခချုပ် ဦးလှတင့်၏ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပါမောက္ခ(ဌာနမှူး)များ၏ လက်တွေ့သင်တန်းပို့ချမှု၊ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေး၍ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန် အားပေးတိုက်တွန်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်ပညာရေး တက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်လွင်လွင်စိုးနှင့် ပါမောက္ခ(ဌာနမှူး)များက သင်ကြား၊ စီမံကိန်းရေးစဉ်များနှင့် ပါရဂူဘွဲ့သင်တန်း စာတမ်းပြုစုမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အမျိုးသားပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး တွေ့ဆုံပွဲသို့ တက်ရောက်၍ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မျှော်မှန်းအောင်ချက် ပြည့်မီကျော်လွန်စေရေးအတွက် ဆွေးနွေးမှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့် ထူးချွန်ထက်မြက်သူများ တိုးတက်ထွက်ပေါ်ရေးနှင့် မျှော်မှန်းအောင်ချက် ပြည့်မီကျော်လွန်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တက်ရောက်လာကြသူများက မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းမှာကြား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အမျိုးသားပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တမူးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

နေပြည်တော် နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်အေးချမ်းလွင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တမူးခရိုင်မန်နေဂျာ ဦးဝင်းဆွေတို့သည် တမူးမြို့နယ် ထန်းတပင်ကျေးရွာမှ အဖွဲ့ဝင် ဦးရဲခေါင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ လိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် အင်ဗိုင်းကျေးရွာအုပ်စု မန်မော်ကျေးရွာ မန်မော် ကွင်းအမှတ်(၂၅၆) ဦးပိုင်အမှတ်(၁၁) တောင်သူဦးအဲချို၏ ဧရာမင်းစပါးမျိုးစိုက်ဧက ၅ ဒသမ ၈၂ စိုက်ခင်းသို့ သွားရောက်၍ မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြရာ အဆိုပါ စံကွက်မှ ခြောက်သွေ့ပြီး စပါးတစ်ဧက အထွက်နှုန်း ၇၄ ဒသမ ၃၀ တင်း နှုန်းရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

မြို့တော်ဝန် ဦးအောင်သိန်းလင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားများ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ အရှည် ၂၉၈၈ ပေနှင့် အကျယ် ၁၂ ပေ ကျန်စစ်သားလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါလမ်း၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင်များက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်

ထို့နောက် မြို့တော်ဝန်သည် ကြီးပွားရေးရပ်ကွက်ရှိ ကျန်စစ်သားလမ်းသွယ်(၂)လမ်း ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှု၊ သမိန်ဗရမ်းလမ်းနှင့် ဘုရင့်နောင်လမ်းများ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ အနော်မာလမ်း၊ အမှတ်(၄)ရပ်ကွက်ရှိ စာဂလမ်းသွယ် (၁၇)လမ်းနှင့် စာဂလမ်းများ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက်ရှိ အရှည်ပေ ၁၈၀၀ နှင့် အကျယ် ၁၂ပေ မြဝတီမင်းကြီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် (၈)ရပ်ကွက်ရှိ ဧရာလမ်းသွယ် (၆)လမ်းနှင့် (၉)ရပ်ကွက်ရှိ ဥဇ္ဇနာလမ်းသွယ် (၃)လမ်းတို့၏ ကွန်ကရစ်လမ်းချောခင်းနေမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ ကျန်စစ်သားလမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့တော်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်(စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဂျပန်နိုင်ငံ Kobe University ဧည့်ပါမောက္ခ ဒေါက်တာတင်စိုးက "မြန်မာနိုင်ငံ၏ လယ်ယာမြေစနစ်နှင့် မြေယာသုံးစွဲခွင့် ယခင်နှင့် ယခု" (Land System and Land Use Rights in Myanmar, Past & Present) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

တာလီဘန်တို့နှင့်ပတ်သက်၍ သတင်းပေးသူအား ဆုငွေနှင့်အတူ အကာအကွယ်ကိုပါ ပါကစ္စတန်အစိုးရပေးမည်

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၈

အစ္စလာမ့်စစ်သွေးကြွများကို နိုင်နိုင်နင်းနင်းထိန်းချုပ်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် တာလီဘန်များနှင့် ပတ်သက်သည့် သတင်းပေးနိုင်သူ မည်သူ့ကိုမဆို ရူပီးငွေ ၁၀ သန်း(အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ခန့်) ဆုကြေးအဖြစ် ပေးအပ်မည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရက နိုဝင်ဘာ ၂၇ ရက်တွင် ကြေညာခဲ့သည်။

သတင်းပေးများအနေဖြင့် တာလီဘန်တို့၏ လက်တုံ့ပြန်မှုကို စိုးရိမ်နေသည်ဆိုပါက ယင်းသတင်းပေးများနှင့် ၎င်းတို့၏ မိသားစုများကို ပါကစ္စတန်နိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို လိုအပ်ပါက ပြည်ပနိုင်ငံများတွင် သွားရောက်နေထိုင်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ရာမင်းမာလစ်ခ်**(အပေါ်ပုံ)**က သတင်းထောက်များကို ပြောကြားသည်။

တာလီဘန်အများစုသည် မတရားအသင်းအဖြစ် ပိတ်ပင်ခံထားရသော ဆွန်နီအစ္စလာမ့်စစ်သွေးကြွအုပ်စုများဖြစ်သည့် လက်စ်ခါး-အီး-ဂျေဟန်းဗီနှင့် စီဖာ-အီး-ဆာဟာဘာအုပ်စုများမှ ဖြစ်ကြောင်း မာလစ်ခ်က ပြောကြားသည်။

လက်စ်ခါး - အီး - ဂျေဟန်းဗီ စစ်သွေးကြွအုပ်စုသည် ပါကစ္စတန်နိုင်ငံ၏ ဝါဒစွဲအပြင်းထန်ဆုံး ဆွန်နီအုပ်စုဖြစ်ပြီး ယင်းအဖွဲ့၏လက်ချက်ကြောင့် ၁၉၉၀ ခုနှစ် နောက်ပိုင်းကာလများတွင် လူနည်းစု ရှီးယိုက်မွတ်စလင် များစွာသေဆုံးခဲ့ရသည်ဟုဆိုသည်။

အဆိုပါ တာလီဘန်စစ်သွေးကြွအုပ်စုသည် ၂၀၀၂ခုနှစ်က အမေရိကန်သတင်းစာဆရာ ဒန်နီယယ်လ်ပါးလ်ကို ကရာချိမြို့၌ ပြန်ပေးဆွဲသတ်ဖြတ်ခဲ့သည်။ ယင်းအပြင်အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်သော ပါကစ္စတန် သမ္မတဟောင်း ပါဗက်မူရှာရက်ဖ်ကိုလည်း နှစ်ကြိမ်တိုင်တိုင်လုပ်ကြံရန်ကြိုးစားခဲ့ဖူးသည်။

အေအက်ဖ်ပီ။

ရာသီဥတုပြောင်းလဲမှုကြောင့် လူပေါင်း တစ်ဘီလီယံကျော် အိုးအိမ်များ ဆုံးရှုံးရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၈

၂၁ ရာစုနှစ် မကုန်မီ ကြုံတွေ့ရဖွယ်ရှိသည့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု၊ ရေထောက်ပံ့မှု၊ ရာသီဥတုစနစ်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ပြောင်းလဲလာခြင်း၏ ဆိုးကျိုးများဆိုင်ရာအထူးအစီရင်ခံစာတစ်စောင်ကို သိပ္ပံပညာရှင်များက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး သဘောတူညီချက် ရယူရန် ပျက်ကွက်မှုများကြောင့် နောင် နှစ် ၉၀ အကြာတွင် ကမ္ဘာ့လူဦးရေ တစ်ဘီလီယံကျော်သည် ၎င်းတို့၏ အိုးအိမ်များကို ဆုံးရှုံးရမည့်အဖြစ်နှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း အထူးအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့အပူချိန် ပိုမိုမြင့်တက်လာလေ နောက်ဆက်တွဲအကျိုးဆက်များကို ဖြေရှင်းရခက်လေဖြစ်ကြောင်း အောက်စဖို့တက္ကသိုလ်မှ ရာသီဥတုပညာရှင် ဒေါက်တာမာ့ခ်နယူးက ပြောကြားသည်။

အနာဂတ်၌ ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ သဘောတူညီချက်ကို ရရှိခဲ့လျှင်ပင် ယခုရာစုနှစ်အတွင်း ကမ္ဘာ့အပူချိန်ကို ၂ ဒီဂရီဆဲလ်စီးယပ်စ်၌ ထိန်းထားနိုင်ရန် မလွယ်ကူကြောင်း အစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည်။

ကမ္ဘာ့အပူချိန်မြင့်တက်မှုသည် ၄ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်ရှိခဲ့ပါက ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် ရေအောက်ရောက်သွားသော ကုန်းမြေများနှင့် တစ်ကွဲတပြားစီ ပြန့်ကျဲနေသော ပြည်သူများကို အဝေးရောက်အစိုးရများက အုပ်ချုပ်သည့် “တစ္ဆေနိုင်ငံများ(Ghost States)”ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြင်သစ်ပညာရှင်တစ်ဦးက ခန့်မှန်းသုံးသပ်သည်။

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့၌ နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲအမီ သိပ္ပံပညာရှင်များ၏ အထူးအစီရင်ခံစာကို ထုတ်ပြန်မည်ဖြစ်သည်။

ဂါဒီယန်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၏ ခြိမ်းခြောက်ခြင်းခံနေရသော အီတလီနိုင်ငံ ဗင်းနစ်မြို့။

တစ်ပါးသူဆေးလိပ်ငွေ့များကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၆၀၀၀၀၀ ကျော် သေဆုံး

လန်ဒန် နိုဝင်ဘာ ၂၈

ကိုယ်တိုင်ဆေးလိပ်သောက်သုံးခြင်းမရှိသော်လည်း တစ်ပါးသူတို့ သောက်သုံးသော ဆေးလိပ်မီးခိုးများကို ရှူရှိုက်နေရခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ်နှစ်တိုင်း လူ ၆၀၀၀၀၀ ကျော် သေဆုံးကြရကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့များ ရှူရှိုက်နေရခြင်း၏ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုကို လေ့လာနိုင်ရန်အတွက် သုတေသနပညာရှင်များသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံမှ ၂၀၀၄ ခုနှစ် အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

ယင်းသို့ လေ့လာခဲ့ရာတွင် ကလေး ၄၀ ရာခိုင်နှုန်းနှင့် ဆေးလိပ်သောက်သုံးခြင်းမရှိသော အမျိုးသား၊ အမျိုးသမီး ၃၀ ရာခိုင်နှုန်းကျော်တို့သည် သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့များကို ရှူသွင်းနေကြရကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။

သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ သူတစ်ပါး သောက်သုံးသော ဆေးလိပ်ငွေ့များကို ရှူရှိုက်နေကြရခြင်းကြောင့် ၂၀၀၄ ခုနှစ်အတွင်း ကမ္ဘာပေါ်၌ လူပေါင်း ၃၇၉၀၀၀ သည် နှလုံးရောဂါကြောင့် လည်းကောင်း၊ ၁၆၅၀၀၀ သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် လည်းကောင်း၊ ၃၆၉၀၀

သည် ပန်းနာရင်ကျပ်ရောဂါကြောင့် လည်းကောင်း၊ ၂၁၄၀၀ သည် အဆုတ်ကင်ဆာရောဂါကြောင့် လည်းကောင်း သေဆုံးခဲ့ကြရသည်ဟုဆိုသည်။

အဆိုပါ ကိန်းဂဏန်းများ စုစုပေါင်းသည် ကမ္ဘာပေါ်၌ နှစ်စဉ် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးကြရသူဦးရေ၏ တစ်ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့များသည် အမျိုးသမီးများအပေါ်တွင် အများဆုံး ဆိုးကျိုးသက်ရောက်မှုရှိပြီး ၂၀၀၄ ခုနှစ် စာရင်းဇယားများအရ ၂၈၁၀၀၀ သေဆုံးခဲ့ကြရကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြသည်။

အေပီ။

မွမ်ဘိုင်းကျူးကျော်တဲများကြားမှ ကမ္ဘာ့ဈေးအကြီးဆုံး လူနေအိမ် အိမ်တက်ညှော်ခံပွဲ ကျင်းပခဲ့

မွမ်ဘိုင်း နိုဝင်ဘာ ၂၈

အိန္ဒိယသန်းကြွယ်သူဌေးကြီး မူကက်ရှ် အမ်ဘာနီသည် ကမ္ဘာ့တန်ဖိုးအကြီးဆုံးနေအိမ်ဟု သတ်မှတ်နိုင်သည့် ၎င်းပိုင် အထပ် ၂၇ ထပ်ပါ နေအိမ် အိမ်သစ်တက်ပွဲကို မွမ်ဘိုင်းမြို့၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်ဘာနီ၏ အိမ်သစ်တက်ပွဲသို့ ဧည့်သည် ၈၀ ခန့် လာရောက်ခဲ့ကြပြီး ယင်းနေအိမ်ကြီးကို ၂၁ ရာစု၏ တပ်ဂျ်မဟာနန်းတော်အဖြစ် ဧည့်သည်တစ်ဦးက ညွှန်းဆိုခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယ သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ အိမ်ကြီးသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တန်ဖိုးရှိပြီး မွမ်ဘိုင်းမြို့၏ တစ်ပြန့်တကျဲ တည်ရှိနေသော ကျူးကျော်ရပ်ကွက်များကို စီးမိုးမြင်နိုင်သည့် အထပ်မြင့် အဆောက်အအုံကြီးဖြစ်သည်။

ဒဏ္ဍာရီလာ အတ္တလန္တိစ်ကျွန်းကို အစွဲပြု၍ “အန်တီလီယာ”ဟူ၍ အမည်ပေးထားသော အဆိုပါနေအိမ်တွင် ရုပ်ရှင်ရုံ၊ ရေကူးကန်၊ ရဟတ်ယာဉ်ဆင်းကွင်းတစ်ခုအပြင် ဝတ်ကျောင်းတစ်ကျောင်းပါ ထည့်သွင်းတည်ဆောက်ထားသည်ဟု ဆိုသည်။

အဆိုပါ နေအိမ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဝန်ထမ်းအင်အား ၆၀၀ လိုအပ်မည်ဖြစ်သည်။

သို့ရာတွင် ယင်းနေအိမ်ကြီး၏ အဆောင်အယောင်အခမ်းအနားများနှင့် မွမ်ဘိုင်းမြို့ လူဦးရေ ၁၈ သန်း၏ ထက်ဝက်ခန့် နေထိုင်ကြရသော ကျူးကျော်ရပ်ကွက်များအကြား အခြေအနေတို့ မိုးနှင့် မြေပမာ ကွာခြားမှုနှင့် ပတ်သက်၍ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးလှုပ်ရှားသူများအကြား ဝေဖန်ပြောကြားမှုများ ရှိနေသည်ဟု ဆိုသည်။

အင်တာနက်။

နေတိုး၏ အာဖဂန်စစ်ပွဲမဟာဗျူဟာများ အောင်မြင်မှုမရှိကြောင်း စစ်ပွဲသုံးသပ်ချက်တစ်ရပ်တွင် ဖော်ပြ

ကဘူး နိုဝင်ဘာ ၂၈- နိုင်ငံတကာ သုခမိန်အဖွဲ့တစ်ဖွဲ့က ယနေ့ထုတ်ပြန်သည့် အာဖဂန်စစ်ပွဲဆိုင်ရာ သုံးသပ်ချက်တစ်ရပ်တွင်၂၀၁၄ ခုနှစ်၌ စစ်ရေးမစ်ရှင်များ အဆုံးသတ်မည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏စီမံချက်သည် အာဖဂန်အစိုးရအဖွဲ့ကို ပြိုလဲသွားစေမည်ဖြစ်ကြောင်းဖော်ပြထားသည်။

တာလီဘန်များကို ချေမှုန်းရန်၊ အာဖဂန်လူထု၏ထောက်ခံမှုကိုရယူရန်၊ ပုန်ကန်သူများကို တိုက်ခိုက်မှုရပ်စဲရေး ဆွဲဆောင်ရန်နှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များကို အရည်အသွေးမြှင့်တင်ပေးရန်စသော နေတိုးတပ်ဖွဲ့၏ မဟာဗျူဟာများသည် အောင်မြင်ခြင်းမရှိကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် နိုင်ငံတကာပြဿနာများဆိုင်ရာအုပ်စု (အိုင်စီဂျီ)၏ သုံးသပ်ချက်တွင် ဖော်ပြထားသည်။ အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ဝင် ၁၄၀၀၀၀ကျော်တို့သည် အာဖဂန်နစ္စတန်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ရေးလှုပ်ရှားမှုများကို အများဆုံးလုပ်ဆောင်နေကြရသည်။ တိုက်ပွဲများကြောင့် နေတိုးတပ်ဖွဲ့ဝင် အသေအပျောက်မြင့်တက်လာသည်နှင့်အမျှ အာဖဂန်စစ်ပွဲကို ထောက်ခံမှုသည်လည်း ကျဆင်းလာကြောင်း အိုင်စီဂျီ၏ သုံးသပ်ချက်တွင် ဖော်ပြသည်။

နေတိုးတပ်ဖွဲ့၏ စစ်ဆင်ရေးများသည် သောင်းကျန်းမှုအရှိန်အဟုန်ကို နိုင်နိုင်နင်းနင်းမထိန်းချုပ်နိုင်ကြောင်း၊ တာလီဘန်များသည် ယခင်ကထက်ပိုမိုလှုပ်ရှားလာပြီး ပါကစ္စတန်နိုင်ငံအတွင်း၌ ခိုလှုံ၍ဒေသခံများ၏ထောက်ခံမှုများကို ရရှိနေဆဲဖြစ်ကြောင်း သုံးသပ်ချက်အရသိရသည်။

အေအက်ဖ်ပီ။

ကရာချိမြို့ လေယာဉ်မီးလောင်ပျက်ကျမှုကို နိုဝင်ဘာ ၂၈ ရက်က တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဆောက်လုပ်ဆဲအိမ်ရာများပေါ် လေယာဉ်ပျက်ကျ

ကရာချိ နိုဝင်ဘာ ၂၈- ရုရှားနိုင်ငံလုပ် ကုန်တင်လေယာဉ်တစ်စင်းသည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့ ဂျင်းနား အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံတက်ပြီး မကြာမီ ရေတပ်အိမ်ရာဝင်းအတွင်းရှိ ဆောက်လုပ်ဆဲအဆောက်အအုံများပေါ်သို့ တနင်္ဂနွေနေ့က မီးလောင်ကျွမ်းပျက်ကျခဲ့ရာ အနည်းဆုံးလူ ၁၂ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဆူဒန်နိုင်ငံသို့ သွားရောက်မည့် အဆိုပါလေယာဉ်သည် လူနေထူထပ်သော အိမ်ရာများနှင့် အနည်းငယ်လှမ်းသော ဆောက်လုပ်ဆဲအိမ်ရာများပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ပြီး နေအိမ်အလုံး ၂၀ ခန့် ထိခိုက်ပျက်စီးခဲ့ရသည်။

ဂျော်ဂျီယာလေကြောင်းလိုင်း တစ်ခုကပိုင်ဆိုင်သည့် အီလူးရှင်းအိုင်အယ်လ်-၇၆ လေယာဉ်ပျက်ကျရာနေရာမှ ရုပ်အလောင်း ၁၂ လောင်းတွေ့ရှိခဲ့ပြီး အသေအပျောက်နှုန်း ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

လေယာဉ်ပေါ် လိုက်ပါလာသူ လေယာဉ်အမှုထမ်း ရှစ်ဦးလုံး သေဆုံးခဲ့ရပြီး ကျန်သေဆုံးသူများမှာ မြေပြင်ပေါ်တွင်ရှိနေသူများဖြစ်ကြောင်း သိရသည်။

မီးလောင်ပျက်ကျခဲ့သော လေယာဉ်ကို ပါကစ္စတန်မီးသတ်ယာဉ်များက နှစ်နာရီကြာမျှ မီးငြိမ်းသတ်ခဲ့ရပြီးနောက် ပျက်စီးသွားသော အဆောက်အအုံများအတွင်းသို့ ကယ်ဆယ်ရေးသမားများ ဝင်ရောက်ကာ ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အေအက်ဖ်ပီ။

❀ **ရှေ့ဖုံးမှ**

အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည်။

ဆွမ်းအလှူရှင်

ယနေ့ ဆွမ်းအလှူရှင်မှာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၇)လမ်းနေ ဦးတင်စိန်-ဒေါ်ကျင်သိန်း မိသားစုဖြစ်သည်။

(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)

ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း) စက်လည်ပတ်မှု အခြေအနေ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည် (LPG) စက်ရုံ (ညောင်တုန်း)၏ စက်လည်ပတ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ သဘာဝဓာတ်ငွေ့အသုံးပြုမှု၊ လျှပ်စစ်မီးရရှိမှု အခြေအနေနှင့် ရေနံဓာတ်ငွေ့ရည် (LPG) ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဝန်ကြီးက တတ်ကျွမ်းပညာရှင်များက နည်းပညာပိုင်းကို စေ့စပ်သေချာစွာဆောင်ရွက်ရေး၊ စက်ရုံမှ ထုတ်လုပ်လျက်ရှိသော ရေနံဓာတ်ငွေ့ရည် အချိုးအစားအလိုက် အန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်ကူလျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအား အထူးဂရုပြုရေးတို့ကို မှာကြားပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် စက်ရုံဝင်းအတွင်းရှိ ထိန်းချုပ်ရေးအခန်း (Control Room) သို့ ရောက်ရှိကာ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့် ကွပ်ကဲနေမှုအခြေအနေကို လည်းကောင်း၊ ဓာတ်ခွဲခန်းရှိ C_3 C_4 ပါဝင်နိုင်မှု Gas Composition နှင့် Specification မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးစမ်းသပ်နေမှုအခြေအနေကို လည်းကောင်း၊ ရေငွေ့ဖယ်ထုတ်စက် (Dryer)၊ဓာတ်ငွေ့အအေးခံအရည်ဖွဲ့စက် (Expander) နှင့် ရေနံဓာတ်ငွေ့ရည်ခွဲထုတ်စက် (Distillation Column) များကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ရေနံဓာတ်ငွေ့ရည်(LPG) စက်ရုံ(ညောင်တုန်း)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၁၀ (တနင်္လာနေ့)

[၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀ ၉။ အတီးပြိုင်ပွဲ
၈း၃၀ ၁၀။ "လှေကားသုံးထစ်ဆင်းတဲ့အခါ"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒအထူးပြုများ) (သမိုင်း)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ တေးဂီတအစီအစဉ်
၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၁)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၀)**
၁၇။ "သုခုမရင်ပြင်"
၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၉။ အစီအစဉ်ပြီး၏။

အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆွေးနွေးဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် Cultural Trail From China to ASEAN ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး စခန်းချပွဲသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် စခန်းချရာ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ စခန်းချပွဲ အတွေ့အကြုံများနှင့် နိုင်ငံအလိုက် တွေ့ရှိချက်အမြင်များကို သုံးသပ်ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါ အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး စခန်းချပွဲသို့ တက်ရောက်ကြသည့် လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးကျော်ဦး၊ Camp Director အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဒေါ်မြဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မော်တော်ဆိုင်ကယ်စီးဦးထုပ် လှူဒါန်းခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စေတနာရှင် K.Y.KYAW KYAW Trading Co., Ltd. တို့က လှူဒါန်းသော မော်တော်ဆိုင်ကယ်စီးဦးထုပ် လှူဒါန်းခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိကောင်းစရာများ ဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး)နှင့် (မြို့တွင်း)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာတို့ကို ပါဝါပွိုင့်ဖြင့် ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှူးနှင့် အလှူရှင် K.Y. KYAW KYAW Trading Co., Ltd. ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌထံ မော်တော်ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

အထက(၃)ဒဂုံ (ယခင်မြို့မအမျိုးသမီးကျောင်း)၏ ကျောင်းသား၊ ကျောင်းသူဟောင်းများဦးစီးသည့် (၁၈)ကြိမ်မြောက် အငြိမ်းစား ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာခင်ခင်ထား ဖုန်း-၇၃၀၅၀၀၈၂၊ ဒေါ်ခင်ချမ်းသာ ဖုန်း-၀၉-၅၄၀၀၉၆၉၊ ဒေါ်ကျင်ရှိန် ဖုန်း-၇၂၄၉၄၀၊ ဒေါ်သိင်္ဂီသန်း ဖုန်း-၀၉-၅၀၃၄၈၅၀၊ ဒေါ်လှလှသန်း ဖုန်း-၀၉-၅၁၄၆၀၄၁၊ ဒေါ်ငွေးငွေးခိုင် ဖုန်း-၀၉-၉၉၂၇၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၂၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ရေလွှဲဝါဆောက်လုပ်ရေးကုမ္ပဏီ ဧည့်ခန်းမ၌ ကျင်းပရာ ရေလွှဲဝါဆောက်လုပ်ရေးကုမ္ပဏီ ဒုတိယစီမံကိန်းမန်နေဂျာ ဦးသန်းဝင်းနှင့် အရာထမ်းများ၊ ယာဉ်မောင်းများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ ဌာနခွဲမှူး ရဲမှူးမျိုးညွန့်ဦးက နေပြည်တော်ခရိုင်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများကြောင့် သေဆုံးဒဏ်ရာရရှိမှု အခြေအနေ၊ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်များအကြောင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ စက်ဘီးစီးသူ၊ ဆိုင်ကယ်စီးသူ၊ ခြေကျင်လျှောက်သူ၊ မော်တော်ယာဉ်မောင်းနှင်သူများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် အချက်များ၊ အနှေးယာဉ်များ လိုက်နာရမည့်အချက်များ၊ လမ်းညွှန်ဆိုင်းဘုတ်အမှတ်အသားများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဇာတ်လမ်းတိုများကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားနေ့

ဦးမောင်မောင်ကြီး (ဥပဒေအတိုင်ပင်ခံ)

တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့သည် အမျိုးသားနေ့ဖြစ်သည်။ မြန်မာတို့ ဆုံးရှုံးလက်လွှတ်ခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်စေခဲ့သော နေ့ပင် ဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ကျူးကျော်စစ် သုံးကြိမ်ဖန်တီး၍ မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ခဲ့သည်။

အင်္ဂလိပ်အစိုးရ၏ လက်အောက်တွင် မနေလိုသော မြန်မာတို့သည် အင်္ဂလိပ်အစိုးရအား ရရာလက်နက်စွဲကိုင်ကာ တော်လှန်ပုန်ကန်ခဲ့ကြသည်။ နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြသည်။ ဤတွင် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၁)ရက်၊ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်တွင် တက္ကသိုလ်ကျောင်းသားများက အင်္ဂလိပ်အစိုးရ၏ တက္ကသိုလ်အက်ဥပဒေကို မကျေနပ်၍ အရေးဆိုဆန့်ကျင်ခဲ့ခြင်းသည် အထိရောက်ဆုံး နိုင်ငံရေးလှုပ်ရှားမှုကြီးဖြစ်သည်။

ထိုအချိန်က အင်္ဂလိပ်အစိုးရသည် မြန်မာတို့အား ပညာသင်ခွင့်ပေးသော်လည်း ၎င်းတို့၏ ကိုလိုနီစနစ်ရှင်သန်ရေးအတွက် အထောက်အကူပြုမည့် ကျွန်ပညာရေးကိုသာ သင်ကြားပေးသည်။ ဉာဏ်ပညာထက်မြက်၍ အထက်တန်းပညာရပ်များကို လိုက်စားသင်ယူလိုသော မြန်မာတို့အတွက် တက္ကသိုလ်ဟူ၍ပင် မရှိသေးချေ။

အင်္ဂလိပ်တို့သည် မြန်မာတစ်နိုင်ငံလုံးကို မသိမ်းပိုက်မီ ၁၈၆၆ ခုနှစ်ကပင် ၎င်းတို့ပိုင် အောက်မြန်မာနိုင်ငံ၌ ပညာရေးဌာနကို ဖွင့်လှစ်ထားရှိခဲ့သည်။ ၁၈၇၈ ခုနှစ်သို့ ရောက်သောအခါ ယုဒသန်(ဂျပ်ဆင်)ကောလိပ်ကို ဖွင့်လှစ်ပေးပြီးနောက်ပိုင်းတွင် ရန်ကုန်ကောလိပ်ကို ထပ်မံဖွင့်လှစ်ခဲ့သည်။ ယင်းတို့မှာ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံကျောင်းခွဲသာဖြစ်သည်။ ကာလကတ္တားတက္ကသိုလ်ကချမှတ်သော သင်ရိုးအတိုင်း သင်ရသည်။ စာမေးပွဲကိုလည်း ကာလကတ္တားတက္ကသိုလ်က မေးခွန်းထုတ်၍ ရန်ကုန်တွင် ဖြေရသည်။ ထိုကောလိပ်များတွင် ဥပစာတန်းအထိ သင်ကြားနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် အထက်တန်းပညာရပ်ကို သင်ကြားလိုလျှင် ကာလကတ္တားတက္ကသိုလ်မှ ကျင်းပပေးသော "အက်ဖ်အေ" ခေါ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရသည်။ ထိုစာမေးပွဲအောင်မြင်ပြီးသူများကိုသာ ကာလကတ္တားတက္ကသိုလ်သို့ ဝင်ခွင့်ပြုသည်။ မြန်မာပြည်၌ တက္ကသိုလ်ဖွင့်လှစ်ထားခြင်း မရှိပေ။

ထိုစဉ်က အင်္ဂလိပ်တို့ပေးသော ပညာရေးစနစ်သည် မြန်မာတို့ လိုလားမျှော်မှန်းထားသည့် ပညာရေးမဟုတ်ပေ။ ကျွန်ပညာရေးဖြစ်သည့်အပြင် ထိုကျွန်ပညာရေးကိုပင် လူတိုင်းသင်ယူနိုင်ခြင်းမရှိပေ။ လူတန်းစားခွဲခြားခြင်း၊ ပညာသင်စရိတ် အလွန်ကြီးမြင့်ခြင်းတို့ကြောင့် သာမန်မြန်မာအလုပ်သမား၊ လယ်သမားသားသမီးများသည် ပညာသင်ကြားခြင်း အခွင့်အလမ်းမှာ နီးလျက်နှင့် ဝေးနေရပေသည်။ ဓနရှင်၊ မြေရှင်နှင့် လူချမ်းသာ အရာရှိအရာခံများ၏ သားသမီးများအတွက်သာ ဖြစ်စေရန် ဖန်တီးထားခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံတွင် အထက်တန်းပညာ သင်ကြားနိုင်ရန်အတွက် တက္ကသိုလ်တစ်ခုလိုအပ်ကြောင်း သတိပြုမိလာသဖြင့် နယ်ချဲ့တို့သည် ရန်ကုန်ကောလိပ်နှင့် ယုဒသန်(ဂျပ်ဆင်) ကောလိပ်နှစ်ခုကို ပူးပေါင်းကာ ရန်ကုန်တက္ကသိုလ်ဟူ၍ သီးခြားတက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန် စီစဉ်လာကြသည်။

ပထမဦးစွာ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ရေးဆွဲကြလေသည်။ ထိုအချိန်က မြန်မာဘုရင်ခံမှာ "ဆာရက်ဂျီနယ်ကရက်ဒေါက်" ဖြစ်၍ ပညာမင်းကြီးမှာ "မစ္စတာမတ်က်ဟန်းတား" ဖြစ်သည်။ ထိုတက္ကသိုလ် ဥပဒေကြမ်းကို ရေးဆွဲပြီးနောက် မြန်မာတို့လေ့လာနိုင်ရန် အစိုးရဂေဇက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

ထိုဥပဒေကြမ်းတွင်-

၁။ မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုတည်းသာ ရှိရမည်ဖြစ်ပြီး လက်အောက်ခံ ကောလိပ်များသည်လည်း ရန်ကုန်မြို့၌သာ ရှိရမည်။

၂။ တက်ရောက်ခွင့်ရသော ကျောင်းသားတိုင်းသည် ကျောင်းအိပ်၊ ကျောင်းစား နေရမည်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲမထားရှိတော့ဘဲ အစိုးရက ပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲကို အောင်မြင်ရမည်။

၄။ အင်္ဂလိပ်စာနှင့် အခြားဘာသာရပ်တစ်ခုခုတွင် ထူးချွန်စွာ တတ်မြောက်အောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ရမည်။

၅။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင် ဖြေဆိုခွင့်မပြု၊ တက္ကသိုလ်မှ ထုတ်ပစ်မည်။

၆။ တက္ကသိုလ်ဝင်ခွင့်ရရှိပါကလည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ တက္ကသိုလ်ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေရမည်။

၇။ ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေပြီးသော်လည်း တက္ကသိုလ်ပညာများကို မလိုက်နိုင်သေးဟု သတ်မှတ်ခံရလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခွင့်ရမည်မဟုတ်ဟု ပါဝင်သည့် ဥပဒေကြမ်းကို ရေးဆွဲခဲ့သည်။

ယင်းဥပဒေကြမ်းအရ တက္ကသိုလ်အုပ်ချုပ်ရေးနှင့် သင်ကြားရေးကို အင်္ဂလိပ်တို့ကသာ ချုပ်ကိုင်ထားသည်။ ပညာသင်ကြားရေးစရိတ်များမှာလည်း ကြီးမြင့်ပြီး ထိုဥပဒေကြမ်းသည် ချမ်းသာကြွယ်ဝသူ မြေပိုင်ရှင်များနှင့် အင်္ဂလိပ်အရာရှိများ၏ သားသမီးများအတွက်သာ တမင်ဖန်တီးထားကြောင်း ထင်ရှားနေသဖြင့် မြန်မာတို့က ကန့်ကွက်ကြသည်။

တက္ကသိုလ် ဥပဒေကြမ်းကို ပြန်လည်ပြင်ဆင်ပေးရန် ကောလိပ်ကျောင်းသားများ၊ သတင်းစာများနှင့် ဂျီစီဘီအေ နယ်ဒေသအစည်းအဝေးများက တောင်းဆိုလာကြသည်။

သို့သော် အင်္ဂလိပ်တို့သည် မြန်မာတို့၏တင်ပြချက်ကို လုံးဝလျစ်လျူပြုကာ ဥပဒေကြမ်းကို ဘုရင်ခံထံ အတည်ပြုချက်ရယူရန် ၁၉၂၀ပြည့်နှစ် ဇူလိုင်လ (၁၂) ရက်နေ့တွင် တင်သွင်းလိုက်ကြသည်။ ဘုရင်ခံ ဆာရက်ဂျီနယ်ကရက်ဒေါက်က ထိုနှစ် ဩဂုတ်လ (၂၈)ရက်နေ့စွဲဖြင့် လက်မှတ်ရေးထိုးကာ ထိုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့မှစ၍ တက္ကသိုလ်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းကြောင်း ကြေညာလိုက်သည်။ ထို့ပြင် ယင်းနေ့မှစ၍ ယုဒသန် (ဂျပ်ဆင်) ကောလိပ်နှင့် ရန်ကုန်ကောလိပ်တို့ကို ပေါင်းစည်းကာ ရန်ကုန်တက္ကသိုလ်ကို ထူထောင်လိုက်ကြောင်း ကြေညာခဲ့သည်။

နယ်ချဲ့အစိုးရက ယူနီဗာစီတီ(တက္ကသိုလ်)ဖွင့်ပွဲကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၇)ရက်နေ့တွင် ဖွင့်လှစ်ရန် ကြေညာလိုက်သည်ကို အကြောင်းပြု၍ ကျောင်းသားတို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၅)ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် တက္ကသိုလ်အက်ဥပဒေကို လုံးဝ ကန့်ကွက်ကြောင်း ဖော်ပြသည့်အနေဖြင့် ဆန့်ကျင်အရေးဆိုကြောင်း ကြေညာလိုက်လေသည်။

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊
- ☆ အမျိုးသားပညာရည် မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

ထိုမှ မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းများသို့ ပညာရေး၊ အရေးတော်ပုံကြီး ကူးစက်ရောက်ရှိသွားတော့သည်။ အရေးဆိုကန့်ကွက်ကြသော ကျောင်းသူ၊ ကျောင်းသားများဘက်မှ မြို့လူထုတစ်ရပ်လုံးက ထောက်ပံ့အားပေးကြသည်။

ဒီဇင်ဘာ(၂၉)ရက်နေ့တွင် ဂျီစီဘီအေအသင်းချုပ်ကြီးက အစည်းအဝေးပြုလုပ်၍ မြန်မာပြည်တွင် အမျိုးသားကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ဖွင့်လှစ်ရန်၊ ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများလက်အောက်ရှိ ကျောင်းများကို အမျိုးသားကျောင်းအဖြစ် ပြောင်းလဲရန်၊ အစိုးရကျောင်းများကို ပြန်မတက်ရန် တိုက်တွန်းနှိုးဆော်လေသည်။

ထိုမှ အစိုးရကျောင်းများနည်းတူ ကိုယ်ထူကိုယ်ထ အမျိုးသားကျောင်းများသည် တစ်ပြည်လုံး၌ ပေါ်ပေါက်လာလေသည်။ တက္ကသိုလ်ကျောင်းသားများအတွက်လည်း ရန်ကုန်မြို့၌ အမျိုးသားကောလိပ်ကို တည်ထောင်ကာ ကျောင်းသားများ ပညာသင်ကြားရေးအတွက် မိဘပြည်သူများက စီမံဆောင်ရွက်ပေးကြသည်။ ၁၉၂၁ခုနှစ် ဩဂုတ်လတွင် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ အမျိုးသားကောလိပ်ကို အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာတော် ဦးဉာဏ၊ ဒီးဒုတ်ဦးဘချို စသော ပုဂ္ဂိုလ်ကြီးများက ပါမောက္ခ၊ ကထိက ဆရာကြီးများအဖြစ် ပါဝင်၍ စေတနာ့ဝန်ထမ်း စာပြပေးကြသည်။

ထိုသို့ အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခြင်းကြောင့် မြန်မာစာ မြန်မာမှုနှင့် အမျိုးသားဇာတိမာန်များ နိုးကြားတက်ကြွစေသော ရာဇဝင်၊ ဇာတ်နိပါတ်တို့ကို သင်ကြားခွင့်ရကြပြီး ရှိရင်းစွဲ အမျိုးသားစိတ်ဓာတ်များသည် ပိုမိုကြီးထွားလာလေသည်။ မြန်မာလူငယ်များ၏ မျိုးချစ်စိတ်ဓာတ်အရှိန်အဟုန်မှာ မြင့်မားလာပေသည်။ မြန်မာစာသည်. . . ဒို့စာ၊ မြန်မာစကားသည်. . . ဒို့စကား၊ မြန်မာပြည်သည် . . . ဒို့ပြည် ဟူသော ကြွေးကြော်သံများဖြင့် မြန်မာ့မျိုးချစ်လူငယ်များ မွေးထုတ်နိုင်ခဲ့သည်။

၁၉၂၁ ခုနှစ် အောက်တိုဘာလ (၂၄)ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေ ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် စဉ်းစားခဲ့ကြသည်။ ယင်းအဆိုကို ဦးဘသော်က တင်သွင်းပြီး ဦးဘစိန်က ထောက်ခံခဲ့သည်။

ဤတွင် အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်သော နေ့ရက်သုံးမျိုးကို ပဏာမအဖြစ် ရွေးချယ်ကြသည်။

(၁) သီပေါမင်း ပါတော်မူသောနေ့၊ (၂) ဆရာတော် ဦးဥတ္တမ ထောင်ကျသောနေ့၊ (၃) တက္ကသိုလ်အက်ဥပဒေကိုမကျေနပ်၍ ကျောင်းသားများ စတင်အရေးဆိုခဲ့သောနေ့တို့ ဖြစ်ပါသည်။

အစည်းအဝေး တက်ရောက်သူများက မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည့် တက္ကသိုလ်အက်ဥပဒေကို မကျေနပ်၍ ကျောင်းသားများ စတင်အရေးဆိုခဲ့သောနေ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၅)ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် သဘောတူခဲ့ကြပြီး ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ရှိ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က ဆုံးဖြတ်ပေးခဲ့လေသည်။

ထိုအချိန်မှစ၍ နယ်ချဲ့အင်္ဂလိပ်တို့အား ထိရောက်စွာ တော်လှန်ဆန့်ကျင်ခဲ့သည့်နေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်နေ့ကို မြန်မာတို့၏ အမျိုးသားအောင်ပွဲနေ့အဖြစ် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ် (၉၀)မြောက်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် အမျိုးသားနေ့သည် မြန်မာနိုင်ငံသမိုင်းတွင် အရေးကြီးသော မှတ်တိုင်တစ်တိုင်ဖြစ်သည်။ အမျိုးသားနေ့မှ ပေါက်ဖွားလာသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။ ဤအမျိုးသားနေ့ကြီးကို အလေးအမြတ်ပြုကာ အမျိုးသားစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြပြီး ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြသည်။

အဆိုပါ ရတနာပြပွဲသို့ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ညနေ ၃ နာရီတွင် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ ကျင်းပလျက်ရှိရာ ယနေ့တွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၆၇၄၉ ဦး လာရောက်ကြည့်ရှု လေ့လာ ဝယ်ယူကြပြီး ကျောက်စိမ်းအတွဲပေါင်း ၆၉ တွဲ ရောင်းချရကြောင်း သိရသည်။

ပြပွဲကို နိုဝင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြစဉ်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ စိုက်ပျိုးသုတ
၄း၂၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၅း၂၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၂၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ် (အပိုင်း-၃၉)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk Of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့် ဘဝကဗျာ (အပိုင်း-၉)**
၂၅။ Mini Series
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၈

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli နှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးသို့ သွားရောက်ပြီး ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးလှစော၊ ဦးမြင့်နိုင်တို့နှင့် တွေ့ဆုံသည်။

ထို့နောက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီး ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံ

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး၌ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်းနှင့်လည်းကောင်း တွေ့ဆုံသည်။

ယင်းနောက် ညနေပိုင်းတွင် ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးအောင်သိန်းလင်း၊ ဦးမောင်ပါနှင့် ဌာနချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ခန်းမဆောင်၌ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (သတင်းစဉ်)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် ချမ်းအေးသာစံမြို့နယ်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် နိုဝင်ဘာ ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်၌ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေမှု၊ ကျန်းမာရေးဝန်ထမ်းများက ခြင်ထောင်ဆေးရည်စိမ်ပေးခြင်း၊ ခြင်ဆေးဖျန်းဆောင်ရွက်နေမှု၊ ရေတွင်း၊ ရေကန်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်သည် မန္တလေးမြို့တော်ဝန်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မြို့တော်စည်ပင်အသင်းနှင့် မန္တလေးကားမှန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပွဲအပြီးတွင် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင် ရပ်ကွက်အတွင်း ကတ္တရာလမ်း ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတောင်းမြို့နယ် ညီနောင်ကျောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ပန်းတောင်းမြို့နယ် ဆင်တဲအထက၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးသိန်းလွင် ဖုန်း-၀၅၃-၄၀၁၈၄၊ ဦးဇော်ဝင်း ဖုန်း-၀၅၃-၄၀၁၁၆၊ ဦးမောင်ဌေး ဖုန်း-၀၉-၅၃၁၃၁၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ထို့အတူ အုတ်ရှစ်ပင် အထက၏ (၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အုတ်ရှစ်ပင် ဖုန်း-၀၅၃-၂၅၆၅၂၊ ဦးစောအောင်(လိုင်းခွဲ) -၂၀၃၊ ဦးသန်းဌေးဦး(လိုင်းခွဲ)-၄၄၇၊ ဦးခင်မောင်နိုင်(လိုင်းခွဲ)-၁၇၅ တို့သို့ ဆက်သွယ်နိုင်သည်။

အလားတူ ပန်းတောင်းအထက၏(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဦးစိန်မြင့် ဖုန်း-၀၉-၅၀၂၉၆၂၆၊ ဦးတင်သောင်း ဖုန်း-၀၉-၅၀၄၂၁၇၀၊ ဦးငွေသိန်း ဖုန်း-၀၁-၅၅၅၅၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စက်မှုလက်မှုသိပ္ပံ (ပြည်) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

စက်မှုလက်မှုသိပ္ပံ ပြည်(G.T.I)တွင် ပညာသင်ယူခဲ့ကြသည့် ကျောင်းသားဟောင်းများက အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ Eagle Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးတင်အေး ဖုန်း-၀၉-၅၀၀၃၇၈၂၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၄၅၂၅၊ ဦးလှဌေး ဖုန်း-၀၉-၅၁၃၂၇၁၄၊ ဦးဝေလွင် ဖုန်း-၀၉-၅၁၃၂၇၇၄၊ ဦးရွှေထူး ဖုန်း-၀၉-၅၀၁၆၈၇၆၊ ဦးကျော်သိန်းခိုင် ဖုန်း-၀၉-၅၁၀၅၆၂၃၊ ဦးအောင်မိုး ဖုန်း-၀၉-၅၁၅၃၉၉၅၊ ဦးရန်နောင်ဝင်း ဖုန်း-၀၉-၅၁၃၁၉၈၅၊ ဦးကျော်စိုးလင်း (တိုကြီး) ဖုန်း-၀၉-၅၁၇၃၃၃၀နှင့် ဦးထွန်းထွန်း (ကုလားမ) ဖုန်း-၀၉-၅၀၉၂၈၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

ကျောက်ဖြူနှင့် တောင်ကုတ်မြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာရှိ ပြင်ဖြူမော် တာတမံဆည်ဖို့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦး၏ တာတမံဆည်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံပြသ၍ ရှင်းလင်းတင်ပြမှုအပေါ် ဗိုလ်ချုပ်လှမင်းက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် နယ်မြေခံတပ်ရင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ ဆိပ်ကမ်းသစ်နေရာ၌ ကျင်းပသည့် ကဏန်းမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ကဏန်းမျိုးများ စုပေါင်းစိုက်ထည့်ကြသည်။

ထိုမှတစ်ဆင့် တောင်ကုတ်မြို့နယ် အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ တောင်ကုတ်-သံတွဲကားလမ်း လမ်း၊ တံတားကြံ့ခိုင်မှု အခြေအနေများနှင့် ကားလမ်းဝဲ၊ ယာ တစ်လျှောက် မိုးစပါးစိုက်ခင်းများနှင့် ရော်ဘာစိုက်ခင်းများကို လည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မှာကြား

ဗိုလ်ချုပ်လှမင်းသည် နိုဝင်ဘာ ၂၆ ရက်တွင် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သံတွဲမြို့ နယ်မြေခံတပ်ရင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် သံတွဲ-လုံးသာ ကားလမ်းတစ်လျှောက် လမ်း၊ တံတား ကြံ့ခိုင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သံတွဲ - ဂွ ကားလမ်း တစ်လျှောက် လမ်း၊ တံတား ကြံ့ခိုင်မှု အခြေအနေများနှင့် ကားလမ်းဝဲ၊ ယာ တစ်လျှောက် မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး သံတွဲမြို့နယ် သံတွဲ - ဂွ ကားလမ်း တစ်လျှောက် လမ်းပိုင်းအလိုက် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျိန္တလီမြို့ ရတနာမြိုင် ကျေးရွာရှိ ကျိန္တလီတံတား တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

လမ်းများအဆင့်မြှင့်

ဆက်လက်၍ ဂွမြို့ မြို့မရပ်ကွက် သံတွဲ - ဂွ - ငါးသိုင်းချောင်း လမ်းဆုံ နေရာသို့ရောက်ရှိ၍ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဂွမြို့အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂွတပ်နယ် နယ်မြေခံတပ်ရင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုဝင်ဘာ ၂၇ ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးစဉ်။
(သတင်း-ဇော်ပြုံး) (သတင်းစဉ်)

တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ဖွင့်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးသည် ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး သားဖွားခန်း ဖွင့်လှစ်

မအူပင် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ရေလဲကလေး ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ကိုယ့်အားကိုယ်ကိုး သားဖွားခန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပရာ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမြင့်နှင့် သားဖွားခန်း ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)** အဆိုပါသားဖွားခန်းကို အမျိုးသမီးများ အန္တရာယ်ကင်းစွာ မီးဖွားနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ခဲ့ရာ ငွေကျပ် ၅၁ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ငါးမွေးမြူရေးစခန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာ တောင်သူများ၏ စိုက်ခင်းများ၌ မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းစစ်ဌာနချုပ် ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ငါးစာကျွေးမှု၊ ငါးမွေးမြူထားရှိမှုနှင့် ငါးဖြန့်ဖြူးရောင်းချပေးမှု အခြေအနေတို့ကို ရှင်းလင်းပြသရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး) စီမံခန့်ခွဲရေး အစည်းအဝေးသို့ တက်ရောက်ရာ ရှေးဦးစွာ ဆေးရုံစီမံခန့်ခွဲရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ဆေးရုံနှင့် စပ်လျဉ်းသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၈၅) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင်တက်ရောက်၍ သင်တန်းသား၊ သင်တန်းသူ စံပြဆု ရရှိကြသူများအား ဆုများချီးမြှင့်ပြီး အုန်းတောခန်းမ၌ သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြလမ်းခင်းခြင်းလုပ်ငန်း ဖြစ်သည့် ပုလုပ်တောင်လမ်း ကျောက်ချောခင်းခြင်းကို အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်ရောက် သီပေါမြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်း၍ စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ပဉ္စမအကြိမ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ကမ္ဘာ့ဇသာသနာ့ဗိမာန် ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် အသက်(၇၅)နှစ် ပြည့်ပြီးသော အဘိုး၊ အဘွားများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ရန်ကုန်ရောက် သီပေါမြို့သူ၊ မြို့သားတို့၏သား၊ သမီးများသည် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဦးစိုင်းလူး ဖုန်း-၀၉-၅၀၅၅၆၄၆၊ ဆရာမ ဒေါ်ခင်မေကြည် ဖုန်း-၆၉၅၆၃၁၊ ၆၉၅၉၇၅၊ ဒေါ်ခင်မာလာစိုး ဖုန်း-၀၉-၅၀၇၀၄၄၂၊ ၅၅၉၈၆၀ တို့သို့ စာရင်းပေးသွင်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

✳ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ အခမ်းအနားဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (ခင်ဦး) ဖွင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (ခင်ဦး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဝန်ကြီး ဦးအောင်မင်းတို့က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ခင်ဦး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ခင်ဦး) အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အသုံးပြုသွားမည်

ယခုစက်ရုံမှ ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားတုံးများကို မန္တလေး-မြစ်ကြီးနားလမ်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ရထားလမ်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကုန်စည်နှင့် ခရီးသည်များကို များများသယ်ယူပို့ဆောင်ပေးနိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုစေရေး စသည့် နိုင်ငံတော်၏ လိုအပ်ချက်များကို ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရထားလမ်းသစ်များ ထပ်မံဖောက်လုပ်ဖွင့်လှစ်ပေးခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကေတုမတီ မြို့တည် နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် ကေတုမတီ မောင်/မယ်နှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

ကေတုမတီ မြို့တည်နန်းတည် နှစ်(၅၀၀) ပြည့်ပွဲတော် ကေတုမတီ မောင်/မယ်နှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်တွင် ကေတုမတီမြို့ တော်ဝင်ကေတုမတီအနော်ရထာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကာယဗလမောင်နှင့် ကာယအလှမယ်များ၏ ကေတုမတီမောင်/မယ်နှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသူအား စလွယ်၊ ငွေသားဆုနှင့် ဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တေးသံရှင်များနှင့် အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

မှာကြား

တိုင်းမှူးသည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက်တွင် တောင်ငူမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ အဆင့်မြင့်ကုန်စည်ဝင်း တည်ဆောက်ရန် လျာထားသည့် မြေနေရာကို လည်းကောင်း၊ ကျုံးပတ်လမ်း လမ်းများ ခင်းကျင်းထားမှုနှင့် ကျုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လည်းကောင်း၊ အမှတ်(၂) ရပ်ကွက်ရှိ ကေတုမတီပြတိုက် တည်ဆောက်ရန်လျာထားသည့် မြေနေရာတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းအားကစားကွင်း၌ ကျင်းပသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (တောင်ငူဇုန်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလ/ကာယအလှပြိုင်ပွဲတွင် တံခွန်စိုက်ဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလ/ကာယအလှပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

(၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလ/ကာယအလှပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်အားပေးပြီး ဆုချီးမြှင့်သည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ပြိုင်ပွဲများကို ကျင်းပပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ကာယဗလမောင် ဆုရရှိကြသူများနှင့် ကာယအလှမယ် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပဌာန်းပါဠိတော်"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၆)**
- ၈း၄၀ သာသနာ့အမွေခံရုပ်ဝန်း
- ၈း၅၅ Activities in The City - မိုးကုတ်ဆရာတော်ဘုရားကြီး ဉာဏ်တော်ပူဇော်ပွဲနှင့် တရားစခန်းသိမ်းပွဲ - မြသွေးချယ်၏ "ဒီနေ့က လန်းမှကြိုက်တယ်"တေးစီးရီးမိတ်ဆက်ပွဲ
- ၉း၂၀ ဆံသားကျန်းမာရေးကို သဘာဝကျကျ ထိန်းသိမ်းတတ်စေဖို့
- ၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သော ရောဂါများအကြောင်း)
- ၁၀း၁၀ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
- ၁၀း၂၅ The Champion of Dance
- ၁၁း၀၀ Celebrity Choice (ဟဲလေး)
- ၁၁း၂၅ တင့်တယ်ဂုဏ်ရည်ကေတုမတီ ဝေစည်ပြည့်ဝ တောင်ငူအလှ
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ စာအုပ်ပြခန်း (အလင်္ကာဝတ်ရည်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါ်တူးတူး မြင့်သိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း)
- ၁၂း၂၅ နွေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) (ဒါရိုက်တာ-ဝင်းမောင်ရွှေ)
- ၁း၀၀ "ပဌာန်းပါဠိတော်"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့တဝ သူတို့ဟာသ(သပြေဂျာအေး)
- ၂း၅၅ FMF Selection
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၉)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၆)**
- ၄း၅၀ ဂီတနက်သန် ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ(အပိုင်း-၁)
- ၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [ကိုရိုးကွန့်၊ မျိုးမြတ်သူ]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၀)**
- ၇း၃၀ ဗီဒီယိုပြခန်း
- ၇း၄၅ International Show Biz
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (မြို့မှာနေတာကောင်းတယ်၊ တောမှာနေတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၇)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၀ အရက်အန္တရာယ်
- ၁၀း၅၅ ဈေးဝယ်လမ်းညွှန် (Big Rain)
- ၁၁း၂၀ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
- ၁၁း၃၀ ဘဝများ(ဝဏ္ဏခွာနီး)
- ၁၂း၀၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယုံးယုံးနှင့် တွေ့ဆုံခြင်း)
- ၁၂း၁၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၁၂း၂၅ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၁၂း၄၅ Turning A Great River Into A Thoroughfare
- ၁း၃၀ ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေ)(အပိုင်း-၂)
- ၁း၅၅ Box Office Movies (300)
- ၂း၃၀ အိုက်ကီဒိုနှင့်သမီးပျို
- ၂း၄၅ မြန်မာ့ရွှေချည်ထိုးပညာ
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ တိုးတက်စည်ပင ညောင်ဖင်ကျေးရွာဖွံ့ဖြိုးနေ
- ၄း၂၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၄း၄၀ ပရအကျိုးတို့ သယ်ပိုးစို့
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ချောက်စက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံ (ချောက်) ကျောင်းသားဟောင်းများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ မကွေးဟိုတယ် မကွေးမြို့တွင် ကျင်းပမည်ဖြစ်ရာ (ကျောင်းဖွင့်သည့် နှစ်မှစ၍ ၂၀၁၀ ခုနှစ်အထိ) ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

ဆက်သွယ်လျှုဒါန်းလိုသူ ကျောင်းသားဟောင်းများအနေဖြင့် ဦးခင်မောင်ဝင်း (မကွေး) ဖုန်း-၀၆၃-၂၅၀၄၀၊ ၀၉-၅၃၄၀၄၉၅၊ ဦးနိုင်လင်းအောင်(မကွေး) ဖုန်း-၀၆၃-၂၅၉၄၄၊ ၀၉-၅၀၅၀၆၇၉၊ ဦးညွန့်ဝေ(ချောက်) ဖုန်း-၀၆၁-၂၁၇၆၂၊ ဦးနေဝင်း (ပြည်) ဖုန်း-၀၅၃-၂၅၀၅၆၊ ၀၉-၅၃၁၃၀၂၀၊ ဦးတင်ထွေး(နေပြည်တော်) ဖုန်း-၀၆၇-၄၂၁ ၃၇၂၊ ၀၉-၄၉၂၀၉၈၀၄၊ ဦးသန်းလှဦး (မိတ္ထီလာ) ဖုန်း-၀၉-၅၀၀၀၈၅၂၊ ဦးစိန်ဝင်း (မန္တလေး) ဖုန်း-၀၂-၃၆၀၀၄ နှင့် ဦးခင်စိုး(ရန်ကုန်) ဖုန်း-၀၁-၆၅၃၃၄၄၊ ၀၉-၅၁၃၆၄၈၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နှစ်သန်း ၁၀၀ သက်တမ်းရှိ ကျောက်ဖြစ်ရုပ်ကြွင်း မိကျောင်းမျိုးစိတ်သစ် သုတေသီများတွေ့ရှိ

ဗန်ကောက် နိုဝင်ဘာ ၂၈

ဇီဝရုပ်ကြွင်းသိပ္ပံသတင်း | ဘာသာပြန် - ဝရဇိန်



လွန်ခဲ့သောနှစ်သန်း ၁၀၀ကရှိခဲ့သော မိကျောင်းမျိုးစိတ်သစ်တစ်ခုကို ထိုင်းနိုင်ငံတွင် တွေ့ရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုမှ ဖော်ထုတ်နိုင်ခဲ့ကြောင်း သုတေသီများက ကြာသပတေးနေ့တွင် ပြောကြားသည်။

မဟာသရခန်တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ကွန်ဆောင်လာအူပရာဆတ်က ယခုတွေ့ရှိသော မိကျောင်းမျိုးစိတ်မှမိကျောင်းများမှာ လက်ရှိမိကျောင်းများထက် ခြေချောင်းရှည်ပြီး ၎င်းတို့၏သွားပုံစံနှင့် စရိုက်လက္ခဏာများ အရ ငါးများစားသုံးသည်ဟုယူဆရကြောင်း ကုန်းတွင်းပိုင်းတွင်နေထိုင်ပြီး လျင်မြန်စွာ ပြေးလွှားနိုင်သည်ဟု ခန့်မှန်းရကြောင်းဆိုသည်။

ထိုင်းနိုင်ငံပြတိုက်တစ်ခုမှ ဖော်ပြပါ ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို ၂၀၀၆ ခုနှစ် နွေရာသီကာလက တွေ့ရှိလေ့လာခဲ့သူ ကွန်ဆောင်လာအူပရာဆတ်က ယင်းကျောက်ဖြစ်ရုပ်ကြွင်းကို နာခွန်ရတ်ချာစီမာ(ခေါ်)ကိုရတ်ပြည်နယ်ရှိ ရှေးဟောင်းပစ္စည်းတူးဖော်ရေး လုပ်ငန်းခွင်မှရရှိခဲ့ခြင်းဖြစ်ပြီး အလျား ၁၅ စင်တီမီတာရှိကြောင်း၊ သို့သော် မည်သည့် မျိုးစိတ်၏ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သည်ကို မသိခဲ့ကြကြောင်းဆိုသည်။ နာခွန်ရတ်ချာစီမာ(ခေါ်) ကိုရတ်ပြည်နယ်အတွင်း တွေ့ရှိခဲ့ခြင်းဖြစ်၍ ယင်းကျောက်ဖြစ်ရုပ်ကြွင်းကို "ကိုရတ်တိုဆူ ချတ်စ်ဂျင်တာဆာကူလီ"ဟူ၍ နာမည်ပေးထားသည်။ နာမည်၏နောက်ဆုံးစာလုံးကိုမူ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ သစ်တောနှင့် သတ္တုအရင်းအမြစ်သုတေသနသိပ္ပံမှ ဒါရိုက်တာဂျင်တာဆာကူလ်၏ အမည်နာမကို အစွဲပြုထားသည်။

ယင်းတွေ့ရှိချက်အား လန်ဒန်ဘူမိဗေဒအသင်း၏ စာစောင်တစ်ခု၌ ရေးသားဖော်ပြထားကြောင်းသိရသည်။ ***အင်တာနက်။***

ရန်ကုန်-စစ်တွေလမ်း(မင်းဘူး-အမ်း) လမ်းအပိုင်းနှင့် မကွေး(ကန်ပြား)-မြို့သစ်-တောင်ညို-နေပြည်တော် ကားလမ်းသစ်ဖောက်လုပ်နေမှုလုပ်ငန်းများ ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်များဖြင့် အမ်းမြို့မှ ထွက်ခွာလာပြီး အမ်းမြို့ အောက်ရွာအနီး အမ်းကြိုးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် သံကူကွန်ကရစ်တံတား အသစ်တည်ဆောက်မည့် လျာထားနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန် - စစ်တွေလမ်း (မင်းဘူး-အမ်း)လမ်းအပိုင်း မိုင်တိုင်အမှတ်(၈၇/၀)မိုင်နှင့် (၉၇/၂)ကြား စက်ယန္တရားများဖြင့် တောင်ကမ်းပါးယံများအား အနိမ့်အမြင့်ဖြေခြင်းနှင့် လမ်းသားအကျယ် ၃၄ ပေ ရရှိအောင်ချဲ့ခြင်း ဆောင်ရွက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၇၇/၀)နှင့် (၈၂/၀)ကြားတွင် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျက်ရေခင်းလမ်းစခန်း ရှင်းလင်းဆောင်၌ ရန်ကုန်-စစ်တွေလမ်း (မင်းဘူး-အမ်း) လမ်းအပိုင်း(၉၇/၂)မိုင် လုပ်ငန်းများဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မင်းဘူး-အမ်းလမ်းတစ်လျှောက် စက်ယန္တရားဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ မကွေး(ကန်ပြား)-မြို့သစ်-တောင်ညို-နေပြည်တော် ကားလမ်းသစ် (၁၀၈/၄)မိုင် တစ်လျှောက် ကျောက်ခင်းခြင်း၊ ဒုအခြေခံလွှာ ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်-စစ်တွေလမ်း(မင်းဘူး-အမ်းလမ်း)အပိုင်း၌ လေယာဉ်ကွင်းအထူးအဖွဲ့ တစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ ခရိုင်အဖွဲ့ခွဲသုံးဖွဲ့နှင့် ကုမ္ပဏီကိုးဖွဲ့ စုစုပေါင်း ၁၅ ဖွဲ့တို့ဖြင့် လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန် - စစ်တွေလမ်း (မင်းဘူး - အမ်း)လမ်းအပိုင်းတွင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တံတားဦးအထက နဝမအကြိမ် အာစရိယပူဇော်ပွဲ ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

တံတားဦး နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး တံတားဦးအထကတွင် ၁၉၅၃-၂၀၁၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ရှိထင်ရှား သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် တံတားဦးအထက အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးမြင့်သန်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)က အလှူငွေကျပ်ငါးသိန်း**(ယာပုံ)**၊ မန္တလေးပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စိန်ဝင်းက အလှူငွေကျပ်သုံးသိန်းနှင့် မန္တလေးအထူးမှုးယစ် (မြောက်ပိုင်း) ရဲအုပ်တင့်ဆန်းတို့က အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်သွယ်လှူဒါန်းနိုင်

နဝမအကြိမ်မြောက် တံတားဦးအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် တံတားဦးအထက ရတနာထွန်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးမြင့်သန်း(ရန်ကုန်)ဖုန်း-၀၁-၅၀၁၀၉၀၊ ၀၉-၅၃၄၀၅၃၁၊ ဦးတင့်ဆွေ (မန္တလေး) ဖုန်း-၀၉-၆၈၀၁၀၁၂၊ ဒေါက်တာကျော်တင်(တံတားဦး) ဖုန်း-၀၆၆-၄၄၀၅၈၊ ကိုရဲလင်းသူ(ရွှေသစ်ရွှေဆိုင်) တံတားဦး ဖုန်း-၀၆၆-၄၄၀၆၇၊ ကိုစိုးမိုးအောင် (စပယ်ဖြူစတိုး)တံတားဦး ဖုန်း-၀၆၆-၄၄၁၂၅၊ ၀၉-၆၈၀၂၃၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၆၉)

ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာ ကုမာရလမ်းသစ်ဖွင့်

ဒေးဒရဲ နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာ အုပ်စု ကုန်းတန်းကလေးကျေးရွာတွင် လမ်းအရှည် ပေ ၂၃၁၀ ၊ လမ်းအကျယ် ငါးပေရှိ ကုမာရလမ်းသစ်အား အလှူရှင် ဦးတင်အောင်-ဒေါ်တင်တင်၊ ဦးငွေသော်-(ဒေါ်မြင့်)တို့အား အမှူးထား၍ အလှူရှင် ဦးကျော်ကျော်-ဒေါ်ညိုညိုခင် မိသားစုတို့က ကျပ်သိန်း ၈၀ အကုန်ကျခံ လှူဒါန်းသည်။

အဆိုပါ ကုမာရလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဦးတင်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အထက်တန်းကျောင်း အမှတ်(၂)အတွက် ကျပ်ငါးသိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံ၊ ဒေးဒရဲပြည်သူ့ဆေးရုံခွဲစိတ်ခန်းအတွက် ကိုးသိန်းခွဲတန် မီးအားမြင့်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်းများကို သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

နိုင်ငံတကာ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာ လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဒီဇင်ဘာလ ပထမပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း International Hotel များ၊ Restaurant များရှိ Kitchen ပိုင်းတွင် ချက်ပြုတ်သော အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်းအစားအစာဟင်းပွဲများ ပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ ကိုယ်တိုင်တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဒီဇင်ဘာလ ပထမပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး အောင်လံမြို့ တရော်ကုန်းရပ်ကွက် (၁၀)လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပလက်ဖောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ပဉ္စမအကြိမ်မြောက် PRE-SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် အမှတ်(၇) လေးဒေါင့်ကန်လမ်း သယ်န်းကျွန်းမြို့နယ်ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းတာဝန်ခံ ဦးသိန်းတန်က ရှင်းလင်းပြောကြားပြီး မြန်မာ့သင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(ကြေးမုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဒီဇင်ဘာလထုတ် တေဇရုပ်စုံစာစောင် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

ထူးခြားဆန်းပြား ကျားသတ္တဝါများတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ ငွေးကြည် (စလင်း)၊ ဒေါင်းသူရိန်တို့၏ ကဗျာများ၊ တင်အောင်နီ၊ မြေဇာ၊ သန့်စင်၊ ဆွေချစ်၊ ဖေစန်းတို့၏ ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ ဒေါက်တာသန့်စင်နှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ ဦးဦး၏ ပုံပြင်ရှည်၊ ကာတွန်းမောင်ဒင်၏ ရုပ်ပြစကားပုံများ၊ SET ၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏ အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲဆုရစာရင်းနှင့် ပထမဆုရ ကျောင်းသူလေး မခင်ဆုဝေ၏ ဆုရစာစီစာကုံး ပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁) (၃၂) လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၁၀ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ) အသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်း တို့သည် တစ်ဖက် လေးဂိုးစီ သရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အမှတ် (၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ကိုးဂိုး-လေးဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ အမှတ် (၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ် (၅၅)ခြေမြန်တပ်မ ဌာနချုပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ အမှတ် (၈၈) ခြေမြန်တပ်မ ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."

"Avoid Stigma & Discrimination: Towards Universal Access."

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

အက်သလက်တီကို တိုက်စစ်မှူး အဂူရိုအားခေါ်ယူရန် မန်ယူဆက်သွယ်

မန်ချက်စတာ နိုဝင်ဘာ ၂၈

မန်ချက်စတာယူနိုက်တက် မန်နေဂျာ ဖာဂူဆန်သည် အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဆာဂျီအို အဂူရို အား အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရေး အတွက် ကိုယ်တိုင်ဆက်သွယ်လျက်ရှိ ကြောင်း သတင်းတစ်ရပ်က ဆိုသည်။

ထိုအာဂျင်တီးနား ကစားသမား သည် ၎င်း၏ စာချုပ်သက်တမ်းအား ၂၀၁၆ ခုနှစ်အထိ တိုးမြင့်ရန်အတွက် အက်သလက်တီကို အသင်းနှင့် ဆွေးနွေးလျက်ရှိသော်လည်း စေ့စပ် ညှိနှိုင်းမှုများမှာ မတင်မကျ အခြေအနေ တွင်သာ ရှိနေသည်။

မန်ယူအသင်းသည် အသက် (၂၂) နှစ် အရွယ်ရှိအဂူရိုအား အင်တာမီလန်၊ ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်တို့နှင့် အပြိုင် ယူရို ၃၅ သန်း အသုံးပြု၍ ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

ဂိုးသွင်းစွမ်းရည်ကောင်းမွန်ပြီး မြန်နှုန်း မြင့် ကစားသမားတစ်ဦးဖြစ်သည့် အဂူရို သည် အက်သလက်တီကို အသင်း အတွက် ၁၅၂ ပွဲ ကစားပြီး ၅၈ ဂိုးသွင်းယူ ပေးထားကာ ၂၀၀၇ ခုနှစ်အတွက် ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်မှ ချီးမြှင့်သည့် တစ်နှစ် တာ အကောင်းဆုံး လူငယ်ကစားသမား ဆုကို ရရှိထားသူဖြစ်သည်။

အင်တာနက်။

မန်ယူအသင်းက ဆက်သွယ်လျက်ရှိနေသည့် အက်သလက်တီကို တိုက်စစ်မှူး ဆာဂျီယိုအဂူရို။

အန်ဆန်လော့တီထွက်ခွာသွားပါက ဘာစီလိုနာနည်းပြ ဂွါဒီယိုလာနှင့် အစားထိုးရန် ချယ်လ်ဆီးပစ်မှတ်ထား

လန်ဒန် နိုဝင်ဘာ ၂၈

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ရာသီ အကုန်တွင် အသင်း၏မန်နေဂျာ ကာလို့စ် အန်ဆန်လော့တီ ထွက်ခွာသွားပါက ၎င်း၏နေရာတွင် ဘာစီလိုနာ နည်းပြ ဂွါဒီယိုလာနှင့် အစားထိုးဖွယ် ရှိသည်ဟု သတင်းများထွက်ပေါ်နေသည်။

စိတ်မချမ်းသာ

အန်ဆန်လော့တီသည် သူ၏ လက်ထောက်မန်နေဂျာ ရေးဝီလ်ကင် ထုတ်ပယ်ခံရမှုအပေါ် စိတ်မချမ်းမသာ ဖြစ်နေသည်ဟု သတင်းများကဆိုသည်။

လက်ခံဖွယ်ရှိ

အသင်း၏ အားကစားဒါရိုက်တာ ဖရန့်အာနီဆင်ကလည်း လောလော လတ်လတ် နုတ်ထွက်သွားခြင်းကြောင့် ဘာစီလိုနာ၏ အားကစား ဒါရိုက်တာ ဟောင်း ဘက်ဂီရီစတိန်းကို အစားထိုး ခန့်အပ်ရန် ပြင်ဆင်နေသည်ဟု သိရ သည်။ သူသည် ဂွါဒီယိုလာနှင့် ပြန်လည် လက်တွဲရမည်ဆိုပါက ထို ရာထူးကို လက်ခံဖွယ်ရှိသည်ဟု ချယ်လ်ဆီးအသင်းမှ တာဝန်ရှိသူများ အား ပြောဆိုခဲ့သည်ဟု သတင်းများက ဆိုသည်။

ငြင်းဆိုခဲ့

အန်ဆန်လော့တီသည် ပြီးခဲ့ သည့် နွေရာသီကတည်းက ချယ်လ်ဆီး မှ ထွက်ခွာရန် စဉ်းစားနေသည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း ကာယကံရှင်က ထိုသတင်းများကို ငြင်းဆိုနေခဲ့သည်။

အင်တာနက်။

ဘောလုံးရွှေဆုနှင့်ဝေးနေသည့်ဂျပန် အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်စွဲပြီ

ကွမ်ကျိုး နိုဝင်ဘာ ၂၈

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် ဂျပန် ဘောလုံးအသင်းသည် အာရပ်စော်ဘွားများ ပြည်ထောင်စုကို ကြာသပတေးနေ့က ကျင်းပသည့် ဗိုလ်လုပွဲ၌ ၁-၀ ဖြင့် အနိုင်ရပြီး ကာလကြာရှည်စွာ ဝေးကွာနေခဲ့သည့် ဘောလုံး "ရွှေ" အိပ်မက်ကို ပုံဖော်နိုင်ခဲ့ပြီဖြစ်သည်။

ဂျပန်အသင်းသည် နောက်ခံလူ ယူကီဆာနက်တို၏ ၇၂ မိနစ် အနိုင်ဂိုးဖြင့် ယူအေအီးကို အနိုင်ယူပြီး ပြိုင်ပွဲတွင်း ခုနစ်ပွဲကစား ခုနစ်ပွဲနိုင် စံချိန်ကို ရယူသွားခဲ့ သည်။ ယူအေအီးအနေဖြင့် အကောင်းဆုံးအခွင့်အရေးများ ရရှိခဲ့သော်လည်း ဂိုးသွင်းခွင့်များ ဖြုန်းတီးခဲ့၍သာ ရွှေဆုနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

ယခုရရှိသည့် ရွှေတံဆိပ်သည် ဂျပန်အတွက် အာရှအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးရရှိသည့် ဘောလုံးရွှေဆုဖြစ်သည်။

"အကြိုဗိုလ်လုပွဲမှာ အမှားနည်းနည်း လုပ်ခဲ့မိလို့ အခုလို ဗိုလ်လုပွဲမှာ အနိုင် ဂိုးသွင်းနိုင်တာကို ကျေနပ်ပါတယ်။ ဒီပွဲမှာ တစ်ခုခုထူးထူးခြားခြား လုပ်ချင်ခဲ့တာ"ဟု အနိုင်ဂိုးရှင် ဆာနက်တိုက ဆိုသည်။

အင်တာနက်။

စိုးတင့်နိုင်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်းဒေသကြီးတွင် နိုဝင်ဘာလ ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ် အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၂၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာ ကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းကာ ကျန် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာ ကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပရီမီယာလိဂ် ပွဲစဉ် (၁၅) ရလဒ်

နယူးကာဆယ်	**၁ - ၁**	**ချယ်လ်ဆီး**
အင်ဒရူးကာရိုး (၆ မိနစ်)		*ကာလူး (၄၅ မိနစ်)*
တော့တင်ဟမ်ဟော့စပါး	**၂ - ၁**	**လီဗာပူး**
စကာတယ် (၆၆ မိနစ်-O.G)		*စကာတယ် (၄၂ မိနစ်)*
လင်နွန် (၉၀ မိနစ်)		

မော်ရင်ဟိုကို မာရာဒိုနာ အားကျနေ

လန်ဒန် နိုဝင်ဘာ ၂၈

ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ ဖြစ်သူ ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုကို အားကျနေသည့် ပုဂ္ဂိုလ်များထဲတွင် အာဂျင်တီးနား ဂန္ထဝင်ကစားသမားကြီး မာရာဒိုနာလည်း တစ်ဦးအပါအဝင် ဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦး တွေ့ဆုံချိန်တွင် မာရာဒိုနာက မော်ရင် ဟိုမှာ ကစားသမားပိုင်း စီမံခန့်ခွဲမှု၌ ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း ချီးကျူး စကား ဆိုခဲ့သည်။

မော်ရင်ဟို ကိုင်တွယ်နေသည့် ရီးယဲလ် မက်ဒရစ်အသင်း၏ ပွဲတိုင်းကို ကြည့်ပြီး မော်ရင်ဟို၏ နည်းဗျူဟာပိုင်းကို အားကျ မိကြောင်း၊ အသင်းအပေါ် စည်းကမ်း ထိန်းချုပ်မှုကောင်းသကဲ့သို့ ကစားသမား များအပေါ် ဩဇာညောင်းသူလည်း ဖြစ် ကြောင်း၊ မော်ရင်ဟိုသည် အသင်းသား များကို ၎င်းဘက်သို့ပါအောင် မည်သို့ မည်ပုံ ဆွဲဆောင်စည်းရုံးရမည်ကို ကောင်း ကောင်း ကျွမ်းကျင်ကြောင်း မာရာဒိုနာက ထပ်လောင်းပြောကြားခဲ့သည်။

အင်တာနက်။

မော်ရင်ဟိုကို အားကျချီးကျူး စကားဆိုခဲ့သည့် မာရာဒိုနာ။

ဒေးဗစ်ဘက်ခမ်းကို အငှားစာချုပ်ဖြင့် အဲဗာတန်ခေါ်မည်

လန်ဒန် နိုဝင်ဘာ ၂၈

အဲဗာတန်အသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက် ဖွင့် ချိန်တွင် LA ဂလက်ဇီအသင်းမှ အင်္ဂလန် ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းကို အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဟု နည်းပြ ဒေးဗစ်မိုရေးက ပြောကြားခဲ့သည်ဟု သိရသည်။

ဒေးဗစ်မိုရေးက အဲဗာတန်အသင်းသို့ ဒေးဗစ်ဘက်ခမ်း ဖုန်းဆက်လာမည့် အချိန် ကို စောင့်မျှော်နေကြောင်း၊ ဒေးဗစ် ဘက်ခမ်း အင်္ဂလိပ်ပရီမီယာလိဂ်သို့ နောက်တစ်ခေါက်ပြန်လာမည်ဆိုပါက အဲဗာတန်အသင်းက အဆင်သင့်ကြိုဆို နေကြောင်း ပြောကြားခဲ့သည်။ ဒေးဗစ် မိုရေးသည် ယခင်ကလည်း အမေရိကန် ကွင်းလယ်ကစားသမား လန်ဒန်ဒိုနိုဗင်ကို ခေါ်ယူရန် ကြိုးစားခဲ့ဖူးသည်။ အဲဗာတန် အသင်းမှာ ပရီမီယာလိဂ်ပွဲစဉ်(၁၅) အပြီး တွင် ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၁၆)သို့ ရောက်ရှိနေသည်။

အင်တာနက်။

ATP World Tour Finals တင်းနစ်ပြိုင်ပွဲ ရာဖေးနာဒယ်လ်နှင့် ရော်ဂျာဖက်ဒဲရားတို့ ဗိုလ်လုမည်

ဝင်းတင်(ကြေးမုံ)

လန်ဒန် နိုဝင်ဘာ ၂၈

နိုဝင်ဘာ ၂၁ ရက်မှစတင်ကျင်းပ လျက်ရှိသည့် ဘာကလေ ATP World Tour Finals တင်းနစ်ပြိုင်ပွဲ ဆီမီး ဖိုင်နယ်ပွဲစဉ်များကို ယမန်နေ့က O2 အရီနာကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ ရာဖေးနာဒယ်လ်နှင့် ရော်ဂျာဖက်ဒဲရားတို့ ပြိုင်ဘက်များကို အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

စပိန်နိုင်ငံသား ရာဖေးနာဒယ်လ်သည် ဆီမီးဖိုင်နယ်တွင် အင်္ဂလန်နိုင်ငံသား အင်ဒီမာရေးကို ၇-၆၊ ၃-၆၊ ၇-၆ ဖြင့် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲရားက ဆာဘီးယားနိုင်ငံ သား ဂျိုကိုဗစ်ကို ၆-၁၊ ၆-၄ ဖြင့်လည်း ကောင်း အသီးသီး အနိုင်ရရှိကာ ဗိုလ်လု ပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရာဖေးနာဒယ်လ်နှင့် ရော်ဂျာဖက်ဒဲရား တို့သည် တင်းနစ်ပြိုင်ပွဲများ၏ အမြင့်ဆုံး ပြိုင်ပွဲဖြစ်သည့် ဂရင်းဆလင်းတင်းနစ် ပြိုင်ပွဲများတွင် မကြာခဏဆုံတွေ့ခဲ့ကြ ဖူးသည့် ပြိုင်ဘက်ကောင်းများလည်း ဖြစ်ကြသည်။ ယခုပွဲအား အနိုင်ရရှိသည့် သူမှာ လာမည့် ဇန်နဝါရီလတွင် ကျင်းပ မည့် နှစ်တစ်နှစ်၏အစောဆုံး ဂရင်း ဆလင်း တင်းနစ်ပြိုင်ပွဲဖြစ်သည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အတွက် အားဆေးတစ်ခွက် ဖြစ်လာ မည်ဖြစ်သည်။

အင်တာနက်။

ဘာကလေ ATP World Tour Finals တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုမည့် ရာဖေးနာဒယ်လ်။



ဘာကလေ ATP World Tour Finals တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုမည့် ရော်ဂျာဖက်ဒဲရား။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာ့မီးရထား၏ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ခင်ဦး) ဖွင့်ပွဲအခမ်းအနား ကျင်းပ

စက်ရုံမှ ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားတုံးများကို မန္တလေး-မြစ်ကြီးနားလမ်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရထားလမ်းများတွင် အသုံးပြုသွားမည်

နေပြည်တော် နိုဝင်ဘာ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ခင်ဦး) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် ရွှေဘိုခရိုင် ခင်ဦးမြို့ရှိ အဆိုပါစက်ရုံဝင်းဥပစာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဝန်ကြီး ဦးအောင်မင်းတို့ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ခင်ဦး)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး